AROMA
ဝိညာဉ်ရေးထုတ်စာစောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355, www.geocities.com/aromadc; www.calvaryburmese.com

January 2008 အတွဲ ၅၊ အမှတ် ၁။ ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဧဝံဂေလိနှင့်သာသနာပြုဌာနမှထုတ်ဝေသည်။

ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊ သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)

# ဆယ်ဘို့ တဘို့

## ယခုလဖတ်စရာ


- ဆယ်ဘို့တစ်ဘို့
- ခရစ်တော်အားဖြင့် ကယ်တင်ခြင်း
- နှလုံးသားမြို့ဟောင်းတူးဖော်ခြင်း
- သူမည်သူနည်း


ဝိညာဉ်ရေးအကြံပေး
သိက္ခာတော်ရဆရာစောလယ်ထူး

အယ်ဒီတာအဖွဲ့

ဦးကမ် (**ထုတ်ဝေရေး**)
**ukamaroma@gmail.com**
သောင်းနိုး (**ကွန်ပြူတာစာတည်း**)
**thawngnoaroma@gmail.com**

ကွန်ပြူတာစာစီ

မရိုစီ (နယူးယောက်)
မတင်လေးခိုင်(နယူးယောက်)
မစိမ်းလဲ့ခိုင်(နယူးယောက်)

ဆက်သွယ်ရန်လိပ်စာ

3401 Sudlersville South
Laurel, MD 20724
thawngnoaroma@gmail.com
Tel: 301-776-6820

**နိဒါန်း**

ဓမ္မဟောင်းနှင့် ဓမ္မသစ်ကျမ်း နှစ်ခုစလုံးတွင် ဆယ်ဘို့တဘို့နှင့် ပတ်သက်၍ သွန်သင်ခြင်းကို လေ့လာတွေ့ရှိနိုင်ပါသည်။ (ကမ္ဘာ ၂၈း၂၂၊ တရားဟော ၁၂း၆၊ နေဟမိ ၁၂း၄၄၊ မာလခိ ၃း၈း၁၂၊ မဿဲ ၂၃း၂၃၊ ရောမ ၂း၂၂၊ ၁ကော ၁၆း၂၊ ဟေဗြဲ ၇း၁–၁၀) ဆယ်ဘို့တဘို့ကို ဘုရားသခင်၏ ဥစ္စာတော်ဟု ဖော်ပြထားပေသည်။ (မာလခိ ၃း၈)

ဤအကြောင်းနှင့်ပတ်သက်၍ စဉ်းစားစရာ တစ်ခုရှိသည်မှာ ကျွန်ုပ်တို့၏ အသိဉာဏ်၊ ခွန်အားနှင့် အစွမ်းအစများကို စိုက်ထုတ်ခြင်းကြောင့် ရရှိလာသည့် အရာအားလုံး ဤဆယ်ဘို့တဘို့ကို ဘုရားသခင်၏ ဥစ္စာတော်ဟု ဖော်ပြရာ၌ တရားမျှတခြင်းရှိပါသလောဟု မေးစရာရှိနေပါသည်။ ကျွန်တော်လေ့လာရသလောက် မြန်မာနိုင်ငံရှိ အချို့ဒေသများရှိ လယ်ပိုင်ရှင်များ အနေဖြင့် တနှစ်အတွင်း သူတို့လယ်ယာများကို သူတပါး ငှါးထွန်မည်ဆိုပါက လယ်ယာမှ ရလာသမျှသော စပါး၏ထက်ဝက်ကို လယ်ပိုင်ရှင်ကယူပြီး ကျန်ထက်ဝက်ကို လယ်ငှါးထွန်သူက ယူလေ့ရှိပါသည်။ ဤနေရာ၌ လယ်ပိုင်ရှင်က ရရှိသမျှသော စပါးအားလုံး၏ ထက်ဝက်ကို ရယူခြင်းသည် သူ၏ရပိုင်ခွင့်သဘောဖြစ်ပြီး လယ်ငှါးထွန်းသူမှ ပေးလှူခြင်း မဟုတ်ပေ။ လယ်ပိုင်ရှင်ဖြစ်ခြင်းကြောင့် သူ၏ရပိုင်ခွင့်သဘောနှင့် လယ်ငှါးထွန်သူထံမှ တောင်းခံရာ၌ မတရားစရာ အကြောင်းမရှိပေ။ ထာဝရဘုရား သခင်အနေဖြင့် ဆယ်ဘို့တဘို့ကို သူ့ဥစ္စာတော်ဟု ဖော်ပြရာ၌ ကျွန်ုပ်တို့ကို ဖန်ဆင်းသောအရှင်သည် သူဖြစ်ပြီး ခွန်အား၊ ဉာဏ်အား၊ အစွမ်းအစဟူသမျှနှင့်ကျွန်ုပ်တို့၏ အသက်ကိုပါ ပေးသနားတော်မူသည့် အရာများသာ ဖြစ်ပေသည်။ အမှန်မှာ ကျွန်ုပ်တို့သည် အဘိုးနှင့် ဝယ်တော်မူသောသူဖြစ်သောကြောင့် ဘုရားသခင်ပိုင်တော်မူပေသည်။(၁ကော ၆း၂၀)

> *ကျွန်ုပ်တို့ဆက်ကပ်သည့် ဆယ်ဘို့တဘို့ ပမာဏနည်းသည် များသည်ကို အဓိကမထားပါ။ ကျွန်ုပ်တို့ ဆက်ကပ်သည့် အရာသည် ဆယ်ဘို့တဘို့ ဟုတ်မဟုတ် (ဆယ်ဘို့တဘို့မှန်မမှန်) ဟူသည့်အချက်ကသာ အရေးကြီးပါသည်*

**ခရစ်ယာန်များအတွက်လူမှုရေးလုပ်ခြင်းသည်**
**ဧဝံဂေလိတရားဟောကြားရန်အတွက် တံတါးခင်းခြင်းဖြစ်သည်**

တောင်သူလယ်သမားတစ်ဦး၏ လယ်ယာမှ စပါးရလာဘို့ရန် လယ်ပိုင်ရှင်နှင့် လယ်ငှါးထွန်သူတို့၏ စိုက်ထုတ်ရသည့် အရာများထက် ထာဝရဘုရားရှင်၏ စိုက်ထုတ်မှု ပါဝင်မှုသည် အဆများစွာ ပိုများနေကြောင်း တွေ့ရပါသည်။ သို့ဖြစ်ပါ၍ လယ်ပိုင်ရှင်က လယ်ငှါးထွန်သူထံမှ စပါးထက်ဝက်တောင်းရသေးသည်မှန်လျှင် ထာဝရဘုရားရှင်သည် ကျွန်ုပ်တို့ထံမှ ဆယ်ဘို့တဘို့သာလျှင် ငါ့ဥစ္စာတော်ဟု မိန့်ကြားရာ၌ အလွန်အားနာစရာပင်ဖြစ်လေတော့သည်။ ဆယ်ဘို့တဘို့သည် ထာဝရဘုရား၏ ဥစ္စာတော်ဖြစ်သောကြောင့် ပေးလှူခြင်း၌ မပါဝင်ပေ။ ဆယ်ဘို့တဘို့နှင့် အဦးသီးသော အသီးတို့သည် ထာဝရဘုရားဥစ္စာတော်များ ဖြစ်သောကြောင့် ပေးလှူခြင်းမဟုတ်ပဲ ပိုင်ရှင်ထံ ဆက်ကပ်ခြင်းပင် ဖြစ်ပါသည်။ ၎င်းတို့ကို ယဇ်ပုရောဟိတ်နှင့် လေဝိအမျိုးသား (အမှုတော်ဆောင်များ) များအတွက် ပေးလှူခြင်းသည် ဆယ်ဘို့တဘို့နှင့် အဦးအသီးသောအသီးများကို အလိုတော်အတိုင်း အသုံးပြုခြင်း ဖြစ်ပါသည်။(၂ရာဇာဝင်ချုပ် ၃၁း၅–၆၊ ၁၂။ နေဟမိ ၁၂း၄၄)

ဦးတည်ချက်။ ။ ဆယ်ဘို့တဘို့ဆက်ကပ်ခြင်းဖြင့် ထာဝရဘုရား ဘုန်းတော် ထင်ရှားစေရန်(တရား ၁၄း၂၂–၂၈၊ မာလခိ ၃း၁၀–၁၂)။

ရည်ရွယ်ချက်။ ။

(၁) ထာဝရဘုရား၏ လက်တော်/ ရှေ့တော် (ဗိမ္မာန်တော်)၌ ဆက်ကပ်ရန်။ (တရား ၁၂း၁၁၊ ၁၄း၂၂–၂၆)

(၂) ကိုယ်နေထိုင်ရာ တိုင်းပြည်(နေရာ၊ ဒေသ၊ ရပ်ရွာ) အေးချမ်းသာယာပြီး ဘုရားရှင် နှစ်သက်ဖွယ်သော ပြည်ဖြစ်လာရန်။ (မာလခိ ၃း၁၂ခ)

(၃) လေဝိအမျိုးသားများ အမှုတော်ကို ကြိုးစား၍ ဆောင်ရွက်ရန်။ (နေဟမိ ၁၂း၄၄၊ ၂ရာဇဝင်ချုပ် ၃၁း၄–၅)

**<u>ဆယ်ဘို့တဘို့ ဆက်ကပ်သောသူများအတွက် ထာဝရဘုရားထားတော်မူသောကတိတော်ကောင်းကြီးမင်္ဂလာများ။</u>**

(၁) ထာဝရဘုရား၏ အိမ်တော် (ယုံကြည်သူတိုင်း၏ ကိုယ်ခန္ဓာ)၌ စားစရာရှိစေခြင်းငှါ။ (မာလခိ ၃း၁၀က၊ ၁ကော ၃း၁၆၊ ၆း၁၉)

(၂) ဆယ်ဘို့တဘို့ ဆက်ကပ်သူအတွက် မိုဃ်းကောင်းကင်ပြတင်းပေါက်တို့ကို ဖွင့်၍ ကောင်းကြီးမင်္ဂလာကို အကုန်အစင်သွန်းလောင်းမည် (အရပ်ရှစ်မျက်နှာ ကောင်းကြီးပေးမည်။) (မာလ ခိ ၃း၁၀ခ)။

(၃) ကိုက်စားတတ်သော အကောင်ကို သင်တို့အတွက် ဆုံးမမည်။(မာလခိ ၃း၁၁က)။

(၄) ၎င်းကိုက်စားတတ်သော အကောင်များက သင်တို့၏ အသီးအနှံမျိုးစေ့(သားသမီးများ)ကို မဖျက်ဆီးရ။ (မာလခိ ၃း၁၁ခ)

(၅) သင်တို့အသီးအနှံမသီး (သားသမီးများ မတိုးတက်မကြီးပွား)ပဲ မနေရ။ (မာလခိ ၃း၁၁ဂ(ဂ))

(၆) လူမျိုးအပေါင်းတို့သည် သင်တို့ကို မင်္ဂလာရှိသောသူဟူ၍ ခေါ်ဝေါ်ကြလိမ့်မည်။ (မာလခိ ၃း၁၂ခ)

(၇) သင်တို့ ပြည်သည်လည်း နှစ်သက်ဖွယ်သော ပြည်ဖြစ်လိမ့်မည်။ (မာလခိ ၃း၁၂ခ)

**<u>ဆယ်ဘို့တဘို့ကို မည်ကဲ့သို့ အသုံးပြုမည်နည်း။ တရား ၁၄း၂၉၊ ၂၆း၁၂–၁၃</u>**

(၁) ထာဝရဘုရား၏ ကတိတော်ကို ယုံကြည်လျက် ဆယ်ကပ်ရပါမည်။ (ရောမ ၁၄း၂၃)

(၂) လေဝိအမျိုးများလည်း မိမိတို့ ရရှိသည့် ဆယ်ဘို့တဘို့ထဲမှ ဆယ်ဘို့တဘို့ကို ဆက်ကပ်ရမည်။ ကမ္ဘာ ၁၄း၂၀၊ ၂၈း၂၂။

(၃) မိမိ၏ ဆယ်ဘို့တဘို့အနက် ဝေးလံ၍သယ်ဆောင်ဖို့ရန် အခက်အခဲရှိမည်ဆိုပါက ရွှေ၊ ငွေဖြင့် ရောင်းပြီးမှ ဆက်ကပ်ရန်။ တရား ၁၄း၂၂–၂၈။

(၄) မိမိဆက်ကပ်မည့် ဆယ်ဘို့တဘို့ကို ကိုယ်ကိုယ်တိုင် ပြန်မရွေးရ။ ဝတ်ပြု ၂၇း ၃၀–၃၃

(၅) ဆယ်ဘို့တဘို့ဟူသမျှ ဘုရားရှေ့တော်၌ ဘဏ္ဍာတိုက်ထဲသို့သွင်းရမည်။ နေဟမိ ၁၀း၃၈၊ ၁၂း၄၄။

မှတ်ချက်။ ။ အကယ်၍ ကိုယ်ဆက်ကပ်မည့် ဆယ်ဘို့တဘို့ကို ရွေးချင်လျှင် အဘိုးရင်းနှင့် ငါးစုတစုကို ထပ်၍ ပေးရမည်။ဝတ်ပြု ၂၇း၃၁

**နိဂုံး**

ထာဝရဘုရားရှင်သည် ကျွန်ုပ်တို့ဆက်ကပ်သည့် ဆယ်ဘို့တဘို့ ပမာဏနည်းသည်များသည်ကို အဓိက မထားပါ။ ကျွန်ုပ်တို့ ဆက်ကပ်သည့် အရာသည် ဆယ်ဘို့တဘို့ ဟုတ်မဟုတ် (ဆယ်ဘို့တဘို့ပြည့်မပြည့်) ဟူသည့်အချက်ကသာ အရေးကြီးပါသည်။ ၎င်းဆယ်ဘို့တဘို့ကိုပင် ၎င်းနှင့်ပတ်သက်သည့် ထာဝရဘုရားကတိတော်ကို ယုံကြည်ခြင်းဖြင့် ဆက်ကပ်ရပေမည်။ ၎င်းဆယ်ဘို့တဘို့ကို အောက်ဖော်ပြပါ

(၁) ယဇ်ပုရောဟိတ်/လေဝိအမျိုးသား

(၂) တပါးအမျိုးသား

(၃) မိဘမဲ့များနှင့်

(၄)မုဆိုးမများကို ပေးလှူခြင်းမှအပ အခြားကဏ္ဍများတွင် အသုံးမပြုသင့်ကြောင်း တင်ပြလိုပါသည်။ အသင်းတော်၏ အခြားလိုအပ်ချက်များအတွက်ကိုမူ

(၁) သာမန်အလှူ(၂ကော ၉း၇)။

(၂) ပွဲတော်အလှူ (၁ကော ၁၁း ၂၀း၂၂)၊

(၃) ကျေးဇူးတော်ချီးမွမ်းခြင်း အလှူ (၂ကော ၈း၂)၊

(၄) ယုံကြည်ခြင်းကတိတော်အလှူ (၂ကော ၈း၃)နှင့်

(၅)အထူးအလှူ (၂ကော ၉း ၁–၅) စသည့် ပေးလှူမှ ရရှိသည့်အလှူများကိုသာ အကျိုးရှိရှိ ထိထိမိမိ အသုံးပြုသင့်ကြောင်း လေးလေးနက်နက် တင်ပြလိုပါသည်။ ထာဝရဘုရားသည် အခြားနည်းလမ်းအားဖြင့် အစိုးစမ်းမခံသောဘုရား ဖြစ်သည်။ သို့သော် ဆယ်ဘို့တဘို့ မှန်မှန်ဆက်ကပ်ခြင်းအားဖြင့် အသက်ရှင်တော်မူတော်သော ဘုရားဖြစ်ကြောင်းနှင့် ကတိတည်တော်မူသော ဘုရားဖြစ်ကြောင်း အစုံစမ်းခံသည့် ဘုရားဖြစ်ပါသည်။ ထို့ကြောင့် ထာဝရဘုရားရှင်ကို ဆယ်ဘို့တဘို့ မှန်မှန်ဆက်ကပ်ခြင်းအားဖြင့် စုံစမ်းနိုင်ပါသည်။

## ဆယ်ဘို့တဘို့နှင့် ပတ်သက်သည့် ကျမ်းပိုဒ်အချို့

အာဗြံသည်လည်း ဥစ္စာရှိသမျှတို့ကို ထိုမင်း (ရှာလင်မင်းကြီး) အား ဆယ်ဘို့တဘို့ လှူလေ၏ (ကမ္ဘာ ၁၄း၂၀)။ ယာကုပ်က ပေးသနားတော်မူသမျှတို့ကို ဆယ်ဘို့တဘို့ ပူဇော်ပါမည်ဟု သစ္စာပြုလေ၏။ ကမ္ဘာ ၂၈း၂၂။ စပါးဖြစ်စေ၊ သစ်သီးဖြစ်စေ မြေကဖြစ်သမျှသော အသီးအနှံ ဆယ်စုတစုသည် ထာဝရဘုရား၏ ဘဏ္ဍာတော်ဖြစ်၏။ ထာဝရဘုရားအဘို့ သန့်ရှင်းရမည်။ ဆယ်စုတစ်စုကို ရွေးလိုလျှင် အဘိုးရင်းနှင့် ငါးစုတစ်စုကို ထပ်၍ ပေးရမည်။ နွားဖြစ်စေ၊ သိုးဖြစ်စေ၊ ကြိမ်လုံးအောက်၌ သွားသမျှသော အကောင်ဆယ်စုတစုသည် ထာဝရဘုရားအဘို့ သန့်ရှင်းစေရမည်။ ကောင်းသလော၊ ညံ့သလောဟု မမေးမစစ်ရ၊ တစ်ကောင်အတွက် တစ်ကောင်ကို မလဲရ။ လဲလိုလျှင် နှစ်ကောင်စလုံးကို သန့်ရှင်းရမည်။ အလျှင်းမရွေးရ မိန့်တော်မူ၏ (ဝတ်ပြုရာကျမ်း ၂၇း၃၃)။

ဣသရေလအမျိုးတို့သည် ထာဝရဘုရားအား ပူဇော်သက္ကာပြုသော ကိုယ်ဥစ္စာဆယ်ဘို့တစ်ဘို့ကို လေဝိအား အမွေခံစရာဘို့ငါ ပေးပြီ။ ထို့ကြောင့် သူတို့သည် ဣသရေလအမျိုးသားတို့နှင့် ရောနှော၍ အမွေမခံရပါဟု အမိန့်တော်ရှိ၏။ တဖန်မောရှေအား ထာဝရဘုရားက သင်သည် လေဝိသားတို့အား ဆင့်ဆိုရမည်မှာ သင်တို့အမွေခံစရာ ငါပေးသော ဣသရေလအမျိုးသားတို့၏ ဥစ္စာဆယ်ဘို့တဘို့ကို သင်တို့သည် ခံယူသောအခါ ထိုအဘို့ကို ဆယ်ဘို့ ဖို့ရန် ပြန်၍ ထာဝရဘုရားအား ပူဇော်သက္ကာပြုရကြမည်။ ထိုပူဇော်သက္ကာကို ကောက်နယ်သလင်းထဲ ယူသော ဆန်စပါးကဲ့သို့၎င်း၊ စပျစ်သီးနယ်ရာကျင်းထဲက ယူသော စပျစ်ရည်ကဲ့သို့ ၎င်း ငါတို့အဘို့မှတ်ရလိမ့်မည်။ ထိုသို့ သင်တို့သည် ဣသရေလအမျိုးသားတို့မှ ခံယူသော ဆယ်ဘို့တဘို့ထဲက ထာဝရဘုရားအား ပူဇော်သက္ကာပြုရကြမည်။ ထိုပူဇော်သက္ကာကိုလည်း ယဇ်ပရောဟိတ်အာရုံ အားလှူရကြမည် (တောလည် ၁၈း၂၄–၂၈)။

ထိုအရပ်သို့သင်တို့သည် မီးရှို့ရာယဇ်အစရှိသော ယဇ်များဆယ်ဘို့တဘို့ပူဇော်သက္ကာ၊ ချီးမြှောက်ရာ ပူဇော်သက္ကာ၊ သစ္စာကတိနှင့် ဆိုင်သော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော်သက္ကာမှ စ၍ သိုးနွားတွင် အဦးဘွားသော သားငယ်တို့ကို ဆောင်ခဲ့ရကြမည် (တရား ၁၂း၆)။

စပါး၊ စပျစ်ရည်၊ ဆီ ဆယ်ဘို့တွင် ပူဇော်သော တဘို့၊ သိုးနွားတွင် အဦးဘွားသော သားငယ် သစ္စာကတိနှင့် ဆိုင်သော ပူဇော်သက္ကာ၊ အလိုလိုပြုသော ပူဇော်သက္ကာ၊ ချီးမြှောက်ရာ ပူဇော်သက္ကာ၊ တစ်စုံတစ်ခုမျှ သင်တို့သည် ထိုနေရာအရပ်၌ မစားရကြ (တရား ၁၂း၁၇)။

လယ်ယာ၌ တစ်နှစ်တစ်နှစ်တွင် သိမ်းရသော အသီးအနှံ ဆယ်ဘို့တဘို့ကို အမှန်ခွဲထားရမည်။ သင်တို့၏ ဘုရားသခင် ထာဝရဘုရားသည် နာမတော်ကိုတည်စေဘို့ရာ၊ ရွေးကောက်တော်မူသောအရပ်၌ စပါး၊ စပျစ်ရည်၊ ဆီ မှစ၍ သိုးနွားတွင် အဦးဘွားသော သားငယ်ဆယ်ဘို့တဘို့ကို ရှေ့တော်မှာ စားကြရမည်။ ထို့သို့ပြုလျှင် သင်တို့၏ ဘုရားသခင်ထာဝရဘုရားကို အစဉ်ကြောက်ရွံ့ရမည့် အကြောင်း သင်ရကြလိမ့်မည်။ သင်တို့၏ ဘုရားသခင် ထာဝရဘုရားကောင်းကြီးပေးတော်မူသောအခါ နာမတော်ကို တည်စေဘို့ရာ ရွေးကောက်တော်မူသော အရပ်သည် ဝေးလွန်း၍ ခရီးရှည်လျားသဖြင့် ဥစ္စာဆယ်ဘို့တဘို့ကို ဆောင်၍ မသွားနိုင်လျှင် ထိုဥစ္စာကို ရောင်းပြီးမှ ငွေကိုကိုင်၍ သင်တို့၏ ဘုရားသခင်ထာဝရဘုရားရွေးကောက်တော်မူသော အရပ်သို့သွား၍ စားချင်သော စိတ်အလိုရှိသည့်အတိုင်း နွား၊ သိုး၊ စပျစ်ရည်၊ သေရည်အစရှိသော စားချင်သမျှကိုဝယ်၍ သင်တို့၏ ဘုရားသခင်ထာဝရဘုရားရှေ့တော်မှာ အိမ်သူအိမ်သားများနှင့်တကွ စားသောက်လျက် ရွှင်လန်းခြင်းကို ပြုရကြမည်။ သို့ရာတွင် သင်တို့၌ တည်းခိုသော လေဝိသားဟူမူကား သင်တို့နှင့် ရောနှော၍ အဘို့မရှိ အမွေကို မခံရသောကြောင့် သူ့ကို မစွန့်မပစ်ရဘဲ၊ တတိယနှစ်တွင် သိမ်းသော အသီးအနှံဆယ်ဘို့တဘို့ရှိသမျှကို ထုတ်၍ မြို့မှာ သိုထားရမည် (တရား ၂၅း၄)။

စပါးနင်းနယ်သောနွား၏ နှုတ်ကို မချုပ်တည်းရ (တရား ၂၅း၄)။

သုံးနှစ်တွင် ဆယ်ဘို့တဘို့ပေးရသော တတိယနှစ်ရောက်သောအခါ အသီးအပွားရှိသမျှတို့ကို ဆယ်ဘို့တဘို့ကောက်ယူ၍ လေဝိသား၊ တပါးအမျိုးသား၊ မိဘမရှိသောသူ၊ မုဆိုးမတို့ကို သင့်နေရာမြို့များ၌ ဝစွာကျွေးမွေးပြီးမှ၊ သင်၏ ဘုရားသခင်ထာဝရဘုရားအား ကိုယ်တော်သည် အကျွန်ုပ်ကို မှာထားတော်မူသမျှအတိုင်း သန့်ရှင်းသော ဥစ္စာတို့ကို အိမ်မှ ထုတ်၍ လေဝိသား၊ တပါးအမျိုးသား၊ မိဘမရှိသောသူ၊ မုဆိုးမတို့အား ပေးပါပြီ (တရား ၂၆း၁၂–၁၄)။

ထိုအမိန့်တော်ကို ဣသရေလအမျိုးသားတို့သည် အနှံ့အပြားကြားသိကြသောအခါ အဦးသီးသောစပါး၊ စပျစ်ရည်ဆီ၊ ပျားရည် အစရှိသော မြေအသီးအနှံကိုလည်းကောင်း အခြားသော ဥစ္စာရှိသမျှ ဆယ်ဘို့တဘို့ကိုလည်းကောင်း များစွာဆောင်ခဲ့ကြ၏။ ယုဒအမျိုးတို့၌နေသော ဣသရေလအမျိုးသားနှင့် ယုဒအမျိုးသားတို့သည်လည်း သိုးနွားဆယ်ဘို့တဘို့ကိုလည်းကောင်း၊ သူတို့၏ ဘုရားသခင်ထာဝရဘုရားအား ပူဇော်၍ သန့်ရှင်းသော ဥစ္စာဆယ်ဘို့တဘို့ကိုလည်းကောင်း ဆောင်ခဲ့၍ အသီးအသီး ပုံထားကြ၏ ၂ရာဇဝင်ချုပ် ၃၁း၅–၆။

လှူသောဥစ္စာ၊ ဆယ်ဘို့တဘို့ဥစ္စာ၊ ပူဇော်သော ဥစ္စာများကို တရားနှင့်အညီ သွင်းထားကြ၏ (၂ရာဇဝင်ချုပ် ၃၁း၁၂)။

အဦးလုပ်သော မုန့်စိမ်း၊ ပူဇော်သက္ကာ၊ သစ်သီးအမျိုးမျိုး စပျစ်ရည်ဆီကို ယဇ်ပုရောဟိတ်ရှိရာ ဗိမ္ဗာန်တော်အခန်းသို့လည်းကောင်း၊ လယ်လုပ်သော မြို့ရွာရှိသမျှတို့၌ မြေအသီးအနှံ ဆယ်ဘို့တဘို့ကို လေဝိသားတို့ထံသို့လည်းကောင်း၊ ဆောင်ခဲ့ရမည်အကြောင်း စီရင်ထုံးဖွဲ့ကြ၏။ လေဝိသားတို့သည် ဆယ်ဘို့တဘို့ကို ခံယူသောအခါ အာရုန်အမျိုးယဇ်ပုရောဟိတ် ရှိရမည်။ လေဝိသားတို့သည်လည်း ဆယ်ဘို့တဘို့ ထဲက ဆယ်ဘို့တဘို့ကိုနှုတ်ယူ၍ ဗိန်မ္ဗာန်တော်အခန်း၊ ဘဏ္ဍာတိုက်ထဲသို့ သွင်းရကြမည် (နေဟမိ ၁၀း၃၇–၃၈)။

ထိုအခါ ယဇ်ပုရောဟိတ်နှင့် လေဝိသားတို့သည် အမှုတော်ကို စောင့်လျက် နေသောကြောင့် ယုဒအမျိုးသားတို့သည် အားရဝမ်းမြောက်ကြသည်ဖြစ်၍ ယဇ်ပုရောဟိတ်နှင့် လေဝိသားခံအပ်သော ပူဇော်သက္ကာ အဦးသီးသော အသီးဆယ်ဘို့တဘို့ကို မြို့နယ်ကျေးလက်ထဲက သိမ်းယူ၍ သိုထားစရာ

ဘဏ္ဍာတိုက်များကို အုပ်ရသော တိုက်စိုးတို့ကို ခန့်ထားကြ၏ (နေဟမိ ၁၂း၄၄)။

ဘောဇဉ်ပူဇော်သက္ကာနှံ့သာပေါင်းတန်ဆာမျိုးကိုင်း ပညတ်တော်အတိုင်း လေဝိသားသီချင်းသည် တံခါးစောင့်တို့အား ပေးရသော ဆန်စပါး၊ စပျစ်ရည်၊ ဆီ၊ ဆယ်ဘို့တဘို့ ကိုလည်းကောင်း၊ ယဇ်ပုရောဟိတ်တို့အား လှူရသောအလှူတို့ကိုလည်းကောင်း၊ သိုထားမြဲရှိသောအခန်းကြီးကို တောဘိအဘို့ ပြင်ဆင်၏။ (နေဟမိ ၁၃း၅) အမှုတော်စောင့်၊ လေဝိသား၊ သီချင်းသည်တို့သည် အသီးအသီး မိမိတို့ လယ်ယာသို့ ပြေးသွားကြသည်ကို ငါထောက်၍၊ သူတို့ခံအပ်သောစားစရာ ရိက္ခာကို မခံရကြောင်းကို ငါရိပ်မိလျက်၊ ဘုရားသခင်၏အိမ်တော်ကို အဘယ်ကြောင့် စွန့်ပစ်ကြသနည်းဟု မင်းတို့ကို အပြစ်တင်၍၊ လေဝိသားတို့ကို စုဝေးစေပြီးမှ၊ သူတို့နေရာ၌ ခန့်ထားပြန်၏။ အိုအကျွန်ုပ်၏ ဘုရားသခင်၊ ထိုအမှုကြောင့် အကျွန်ုပ်ကို အောက်မေ့တော်မူပါ။ အကျွန်ုပ်၏ဘုရားသခင့် အိမ်တော်အဘို့၊ အိမ်တော် အမှုစောင့်ခြင်းအဘို့ အကျွန်ုပ်ပြုသော ကျေးဇူးကို ချေတော်မမူပါနှင့်၊ နံနက်တိုင်းပူဇော်သော ယဇ်ကိုင်း၊ သုံးနှစ်တခါ ဥစ္စာဆယ်ဘို့တဘို့ကိုင်း ဆောင် ခဲ့ကြလော့ (အာမုတ် ၄း၄)။

လူသည် ဘုရားသခင်၏ ဥစ္စာတော်ကို လုယူရမည်လော၊ သို့သော်လည်း၊ သင်တို့သည် ငါ့ဥစ္စာကို လုယူကြပြီ။ အကျွန်ုပ်တို့သည် အဘယ်သို့ လုယူပါသနည်းဟု သင်တို့မေးလျှင်၊ ဆယ်ဘို့တဘို့ကိုလည်းကောင်း၊ ပူဇော်သက္ကာ တို့ကိုလည်းကောင်း လုယူကြပြီ။ သင်တို့သည် ကျိန်ခြင်းအမင်္ဂလာကို ခံရကြ၏။ အကြောင်းမူကား၊ ပြည်သူပြည်သားအပေါင်းတို့သည် ငါ့ဥစ္စာကို လုယူကြပြီ။ ဆယ်ဘို့တဘို့ရှိသမျှကို ဘဏ္ဍာတိုက်ထဲသို့ သွင်း၍ ငါ့အိမ်တော်၌ စားစရာရှိစေခြင်းငှါ ပြုကြလော့။ ငါသည် မိုးကောင်းကင်ပြတင်းပေါက်တို့ကို ဖွင့်၍ ကောင်းကြီးမင်္ဂလာကို အကုန်အစင် သွန်းလောင်းမည် မသွန်းလောင်းမည်ကို ထိုသို့ စုံစမ်းကြလော့ဟု ကောင်းကင်ဗိုလ်ခြေအရှင်ထာဝရဘုရား မိန့်တော်မူ၏။ ကိုက်စားတတ်သောအကောင်ကို သင်တို့အတွက် ငါဆုံးမ၍ သင်တို့၏ မြေအသီးအနှံကို မဖျက်ဆီးရ သင်တို့၏ စပျစ်ဥယျာဉ်သည် အသီးမသီးဘဲမနေရဟု ကောင်းကင်ဗိုလ်ခြေအရှင် ထာဝရဘုရား မိန့်တော်မူ၏။ လူမျိုးအပေါင်းတို့သည် သင်တို့ကို မင်္ဂလာရှိသောသူဟူ၍ ခေါ်ဝေါ်ကြလိမ့်မည်။ သင်တို့ပြည်သည်လည်း နှစ်သက်ဖွယ်သော ပြည်ဖြစ်လိမ့်မည်ဟု ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား မိန့်တော်မူ၏ (မာလခိ ၃း၈–၁၂)။

လျှို့ဝှက်သော ကျမ်းပြုဆရာ၊ ဖာရိရှဲတို့ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ပင်စိမ်း၊ စမွှတ်၊ ဇီယာ၊ အသီးအရွက်တို့ကို ဆယ်ဘို့တဘို့ လှူကြသည်တွင်၊ တရားသဖြင့် စီရင်ခြင်း၊ သူတပါးကို သနားခြင်း၊ သစ္စာစောင့်ခြင်းတည်းဟူသော ပညတ်တရားတွင် လေးသောအရာတို့ကိုကား လှပ်၍ထားကြ၏ (မဿဲ ၂၃း၂၃)။

ဖာရိရှဲတို့ သင်တို့သည် အမင်္ဂလာရှိကြ၏။ အကြောင်းမူကား၊ ပင်စိမ်းရွက်၊ လျှူရွက်မျိုးမှစ၍ မြက်ပင်အမျိုးမျိုးကို ဆယ်ဘို့တဘို့ လှူကြသည်တွင်၊ တရားသဖြင့် စီရင်ခြင်း၊ ဘုရားသခင်ကို ချစ်ခြင်းအမှုကိုကား လှပ်၍ထားကြ၏။ အရင်ဆိုသောအရာတို့ကို မလှပ်မထား၊ နောက်ဆိုသောအရာတို့ကို ကျင့်ရမည် (လုကာ ၁၁း၄၂)။

ဥစ္စာရှိသမျှတို့ကို ဆယ်ဘို့တဘို့ လှူပါ၏ဟူ၍ ဆုတောင်းပဋ္ဌနာပြု၏။ ရုပ်တုကို စက်ဆုပ်ရွံရှာလျက်ပင် ဗိမာန်တော်ကို လုယူဖျက်ဆီးသလော။ ဓမ္မကိစ္စအမှုကို ဆောင်ရွက်သောသူတို့သည် ဗိမာန်တော်ကို အမှီပြု၍စားရသည်ကိုင်း၊ ယဇ်ပူဇော်ခြင်းအမှုကို ဆောင်ရွက်သောသူတို့သည် ယဇ်ပလ္လင်နှင့်ဆက်ဆံ၍ စားရသည်ကိုင်း၊ သင်တို့ မသိကြသလော။ ထိုနည်းတူ ဧဝံဂေလိတရားကို ဟောသောသူတို့သည် ဧဝံဂေလိတရားကို အမှီပြု၍ အသက်မွေးရမည်အကြောင်း၊ သခင်ဘုရား၏ ပညတ်တော်မူချက်ရှိ၏ (၁ကော ၉း၁၃–၁၄)။

ငါရောက်လာသောအခါ လှူဒါန်း၍ စုထားစရာမရှိစေခြင်းငှါ၊ ခုနှစ်ရက်တွင် ပဌမနေ့ရက်၌ အသီးသီးကောင်းစားသည့် အတိုင်း၊ မိမိတို့ ဥစ္စာတဘို့ကို မှတ်၍ စုထားကြလော့၊ ငါရောက်လာသောအခါ၊ သင်တို့အလိုရှိသောသူတို့ကို ငါသည် လက်မှတ်စာပေး၍ သင်တို့လှူသော အလှူကို ယေရုရှလင်မြို့သို့ ပို့စိမ့်သောငှါ စေလွှတ်မည်။

နှုတ်ကပတ်တရားကို သင်သောသူသည် သင်ပေးသောသူအား ကောင်းသောအရာရှိသမျှတို့ကို ဝေမျှစေ (ဂလာတိ ၆း၆)။

အာဗြဟံလှူသော လက်ရည်ဥစ္စာရှိသမျှကို ဆယ်ဘို့တဘို့ခံယူသော ထိုရှာလင်မင်းကြီးတည်းဟူသော အမြင့်ဆုံးသော ဘုရားသခင်၏ ယဇ်ပရောဟိတ် မေလခိဒ်သည် နာမရင်းအနက်အားဖြင့် တရားမင်း၊ ထို့မှတပါး၊ ငြိမ်သက်ခြင်းမင်းဟု ဆိုသော ရှာလင်မင်းဖြစ်လျက်၊ အဘမရှိ၊ အမိမရှိ၊ ရှေးမျိုးစဉ်မရှိ၊ အသက်အပိုင်းအခြား မရှိဘဲ၊ ဘုရားသင်၏ သားတော်နှင့် တူ၍ ယဇ်ပုရောဟိတ်အရာ၌ အစဉ်အမြဲတည်၏။ အမျိုး၏အဘ အာဗြဟံသည် လက်ရည်ဥစ္စာများကို ဆယ်ဘို့တဘို့လှူ၍ အလှူခံသော ထိုမင်းသည် အဘယ်မျှလောက် ကြီးမြတ်သည်ကို ဆင်ခြင်ကြလော့။ ယဇ်ပုရောဟိတ်အရာကို ခံသော လေဝိသားတို့သည် အာဗြဟံအမျိုးဖြစ်သော သူတည်းဟူသော၊ မိမိတို့ ညီအစ်ကိုများလက်မှ ပညတ်တရားအတိုင်း ဆယ်ဘို့တဘို့ကို ခံရသော အခွင့်ရှိကြ၏။ သူတို့အမျိုးမဟုတ်သော ထိုမင်းမူကား၊ အာဗြဟံ၏ လက်မှ ဆယ်ဘို့တဘို့ကို ခံလေ၏။ ကတိတော်တို့ကို ခံရသောသူကိုလည်း ကောင်းကြီးပေးလေ၏။ ကြီးသောသူသည် ငယ်သောသူကို ကောင်းကြီးပေးတတ်သည်ကို ငြင်းခုံဘွယ်မရှိ။ ထိုမှတပါး၊ ဗသတတ်သောသူတို့သည် ယခုအခါ ဆယ်ဘို့တဘို့ကို ခံလေ့ရှိ၏။ ထိုအခါမူကား အသက်ရှင်သည်ဟု သက်သေခံခြင်းကိုရသော သူသည် ဆယ်ဘို့တဘို့ကို ခံရ၏။ ထိုမှတပါး၊ ဆယ်ဘို့တဘို့ကို ခံတတ်သော လေဝိသည် အာဗြဟံအားဖြင့် ဆယ်ဘို့တဘို့ကို ပေးပြီဟု ဆိုစရာအခွင့်ရှိ၏ (ဟေဗြဲ ၇း၂–၉)။

ဝေမျှသူ၊
သိက္ခာတော်ရဆရာတိမောသေပါဟရန်း



# -ခရစ်တော်အားဖြင့်ကယ်တင်ခြင်း-

ကယ်တင်ခြင်းရဖို့ ကောင်းသောအကျင့် လိုတယ်၊ ဗတ္တိဇံမခံရင် ကယ်တင်ခြင်းမရဘူး၊ သန့်ရှင်းခြင်းအသက်တာမှာ အသက်မရှိရင် ချီဆောင်ခြင်းမှာ ကျန်ခဲ့မယ်၊ အပြစ်ကိုဝန်ခံနေသေးရင် ကယ်တင်ခြင်းမရနိုင်ဘူး၊ ကယ်တင်ခြင်းရပြီးရင် အပြစ်ဝန်ချတောင်းပန်စရာ မလိုတော့ဘူး၊ ကယ်တင်ခြင်းရပြီလို့ပြောသော်လည်း ကောင်းသောအကျင့် မပြနိုင်ရင် ခရစ်ယာန်အတုဖြစ်တယ်။

သည်အရာတွေက ကယ်တင်ခြင်းနှင့် ပတ်သက်ပြီး ပြောဆိုငြင်းခုံနေကြသည့်စကား ဖြစ်ပါသည်။ တစ်ခါတစ်ရံ တစ်ယောက်နှင့်တစ်ယောက် ပြောဆိုရင်းနှင့် ရှုပ်ထွေးမှုများဖြစ်လာရုံမက ငြင်းခုန်လာကြပြီး ရန်စောင်လာကြပါတော့သည်။ သမ္မာကျမ်းစာမှ နှုတ်ကပါတ်တော် သမ္မာတရားများသည် သန့်ရှင်းသော ဝိညာဉ်တော်၏ ဖွင့်ပြမှုနှင့်ဖတ်ရှုပါက မရှုပ်ထွေးပါ။ သမ္မာတရားသည် ကျွန်တော်တို့၏ အသက်တာကို ရှင်းလင်းစေပါသည် (ယော ၁၅း၃)။ ရှုပ်ထွေးမှုသည် စာတန်မာရ်နတ်ဆီကလာပါသည်။ ယနေ့ ကျွန်တော်တို့ အသက်ရှင်နေသည့် အချိန်ကာလသည် နောက်ဆုံးသော အချိန်ကာလတစ်ခုထဲသို့ ရောက်ရှိနေပြီဖြစ်ကြောင်း အခြေအနေ အဖြစ်အပျက်တွေကိုကြည့်လျှင် မြင်တွေ့နိုင်ပါသည်။ တနည်းအားဖြင့်ဆိုသော် ခရစ်တော် ဒုတိယအကြိမ်ပြန် ကြွလာမည့်အချိန် ရောက်လုနီးနေပါပြီ။ ခရစ်တော်၏ ဒုတိယအကြိမ်ပြန်ကြွလာမည့် အကြောင်းနှင့် အခြေအနေတို့ကို ခရစ်တော် သက်တော်ထင်ရှားရှိစဉ်ကပင် တပည့်တော်တို့ ကိုယ်တိုင်စိတ်ဝင်စားခဲ့ကြောင်း တွေ့မြင်ရသည်။ ထို့နောက် သံလွင်တောင်ပေါ်မှာ ထိုင်တော်မူစဉ် တပည့်တော်တို့သည် အခြားသောသူမပါဘဲ ချဉ်းကပ်၍ ထိုအမှုအရာတို့သည် အဘယ်ကာလမှ ဖြစ်မည်ကိုလည်းကောင်း၊ ကိုယ်တော်ကြွလာ၍ ကပ်ကမ္ဘာကုန်သော ပုပ္ပနိမိတ်သည် အဘယ်နိမိတ်ဖြစ်မည်ကိုလည်းကောင်း အမိန့်တော်ရှိပါဟု လျှောက်ကြ၏ (မဿဲ ၂၄း၃)။ ထိုတပည့်တော်များ၏ မေးခွန်းကို သခင်ယေရှုက ရိုးရိုးရှင်းရှင်းနှင့် ဤကဲ့သို့ ဖြေလိုက်ပါတော့သည်။ သင်တို့ကို အဘယ်သူမျှ မလှည့်ဖြားစေခြင်းငှာ သတိပြုကြလော့ (မဿဲ ၂၄း၄)။

စာတန်မာရ်နတ်သည် မျက်လုံးပြူး အစွယ်တကားကားနှင့် ဂျိုထောင်ကာ ထင်ထင်ရှားရှား လာမည်မဟုတ်။ လူတွေ မထင်မှတ်သည့်အချိန်မှာ လိမ္မာပါးနပ်စွာဖြင့် မသိမသာ လှည့်စားမည်ဖြစ်ပါသည်။ မည်ကဲ့သို့ လှည့်စားမည်နည်း သမ္မာတရားကို ရှုပ်ထွေးစေပြီး နားလည်မှုလွဲအောင် လှည့်ဖြားမည် ဖြစ်ပါသည်။ ယနေ့ကမ္ဘာပေါ်တွင် ကယ်တင်ခြင်းနှင့်ဆိုင်သော ဩဝါဒတရားခံယူချက် ထောင်နှင့်ချီ၍ ရှိနေပါသည်။ သို့သော် ကယ်တင်ရှင်ယေရှုခရစ်တော်မှာ တစ်ဦးတည်းသာ ဖြစ်ပါသည်။ ထို့ကြောင့် သင်သည် ကယ်တင်ခြင်းတရားကို လက်ခံမည်ဆိုပါက ထောင်နှင့်ချီသော ဩဝါဒ အမျိုးမျိုးကို လက်ခံရပါမည်။ ထိုသို့ဆိုလျှင် သင်၏ ဝိညာဉ်ရေးရာအသက်တာ၌ ရှုပ်ထွေးသွားပါလိမ့်မည်။ ထို့ကြောင့် အလေးအနက် သတိပေး ပြောကြားလိုသော စကားမှာ ကယ်တင်ခြင်းတရားထက် ကယ်တင်ရှင် ယေရှုခရစ်တော်ကို လက်ခံဖို့ အရေးကြီးပါသည်။

## ဘယ်သူ့ကိုလက်ခံရမည်နည်း
## (Whom shall we accept?)

ပုဂ္ဂိုလ်တော်မြတ်နှင့် တရားများစွာ ကွာခြားပါသည်။ တနေ့ မိတ်ဆွေယုံကြည်သူတစ်ယောက်နှင့် လမ်းမှာတွေ့သောအခါ သူ၏မိတ်ဆွေနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးပါသည်။ ထိုသူက ကျွန်တော့်အား ဧဝံဂေလိတရားကို ဟောကြားသက်သေခံပါတော့သည်။ ကျွန်တော်လည်း ဝမ်းသာပီတိဖြစ်၍ ဤကဲ့သို့ ပြောပြခြင်းသည် အလွန်ကောင်းကြောင်း၊ ဘုရားသခင် အလိုတော်ရှိကြောင်း သူ့အားပြောပါသည်။ ကျွန်တော်သည် ကယ်တင်ခြင်း စိတ်ချမှုကို လွန်ခဲ့သော ဆယ်နှစ်ခန့်ကတည်းက ရရှိပြီးကြောင်း သူ့အားပြောပြသောအခါ ထိုသူက မြန်မာပြည်မှာ အခု ကျွန်တော့်လိုပြောတဲ့ ဧဝံဂေလိတရားဟာ ကျွန်တော်တို့ တစ်ဖွဲ့တည်းသာရှိတယ်။ ကျွန်တော်တို့ပြောတဲ့ ဧဝံဂေလိကို လက်ခံမှ ကယ်တင်ခြင်း စိတ်ချမှုအမှန် ရရှိမှာ ဖြစ်တယ်။ ဒါကြောင့် နောက်တစ်ခေါက် ကျွန်တော် ပြောတဲ့ ဧဝံဂေလိတရားကို လက်ခံပါ ဟုပြောပါသည်။ မည်မျှ ဝမ်းနည်းစရာကောင်းသနည်း ကယ်တင်ခြင်းတရား ဟောပြောသည်မှာ ဘုရားသခင်၏ အလိုတော်ဖြစ်သော်လည်း ငါတို့ရဲ့ ဧဝံဂေလိတရားဟာ အစစ်အမှန်ဟုဆိုသောကြောင့် မိမိကိုယ်ကို ဗဟိုပြုလိုက်သောအခါ (Self-Center) အတ္တဖြစ်လာသည်။ ထိုအတ္တက ပုဂ္ဂိုလ်တော်မြတ် ယေရှုခရစ်တော်၏ ဘုန်းကို မှေးမှိန်စေရုံမျှမက ယေရှုခရစ်တော်ထက် ငါတို့ဂိုဏ်းဂဏ၊ ငါတို့ အသင်းတော်၊ ငါတို့အဖွဲ့အစည်း၊ ငါတို့လူမျိုးစု... စသဖြင့်ရှုပ်ထွေးကုန်ပါတော့သည်။ ထို့ကြောင့် ကယ်တင်ခြင်းဩဝါဒ တရားတော်ထက် ပုဂ္ဂိုလ်တော်မြတ် ယေရှုခရစ်တော်အား စိတ်နှလုံးအကြွင်းမဲ့လက်ခံလိုက်ပါ။ ရှင်းလင်းသောအသက်တာကို ရရှိလာပါလိမ့်မည်။



## **အဘယ်ကြောင့်ယေရှုကို လက်ခံရမည်နည်း**

(Why do we accept Jesus Christ )

ယေရှုခရစ်တော်သည် ကားတိုင်ပေါ်မှာ ကျွန်တော့်အပြစ်ကြွေးအားလုံးကို ပေးဆပ်သောကြောင့် ဖြစ်ပါသည်။ ယေရှုခရစ်တော် လောကကို ကြွဆင်းလာရခြင်း၏ အဓိကရည်ရွယ်ချက်မှာ အပြစ်သားလူတွေအတွက် ကားတိုင်ပေါ်မှာ အသေခံအသွေးသွန်းခြင်း အပြစ်ငရဲမှ ကယ်တင်ဖို့ ရန်ဖြစ်ပါသည်။ (၁တိ ၁း၁၅) ယေရှုခရစ်တော် အဘယ်ကြောင့် အပြစ်သားတွေအတွက် ကိုယ်စား အသေခံ အသွေးသွန်းပါသနည်း အပြစ်သားတွေက မိမိတို့ ကိုယ် တိုင်ကြိုးစား၍ မလုပ်ဆောင်နိုင်သောကြောင့် ပေတည်း။ အပြစ်ငရဲမှ လွတ်မြောက်ဖို့ရန် လူတွေက မိမိတို့၏ဘာသာတရား၊ ကုသိုလ်ကောင်းမှု၊ အကျင့် သီလစသည်တို့ဖြင့် ကြိုးစားလုပ်ဆောင်ကြပါသည်။ ထို့ကြောင့် ဘာသာတရားအမျိုးမျိုး ပေါ်ပေါက်လာရခြင်းပင် ဖြစ်ပါသည်။ ဘာသာတရားအားလုံးသည် ကောင်းသည့်အရာကို လုပ်ဆောင်ဖို့ လမ်းညွှန်ပေးသည့် လမ်းပြမြေပုံတစ်ခုပင် ဖြစ်ပါသည်။ **သို့သော် ဘာသာတရားများက လူတွေကို အပြစ်ငရဲမှ မကယ်တင်နိုင်ပါ။ အပြစ်ကိုသာလျှင် ဖော်ပြပေးပါသည်။ ထို့ကြောင့် ဘာသာတရားဖြင့် မိမိတို့ကိုယ်တိုင် အပြစ်ငရဲမှ လွတ်မြောက်ဖို့ရန် မတတ်နိုင်သောကြောင့် ယေရှုခရစ်တော်ကို လက်ခံဖို့ဖြစ်ပါသည်။**

## **ဘာကိုလက်ခံရမည်နည်း**

**(What do we accept?)**

ယေရှုခရစ်တော် ကားတိုင်ပေါ်မှာ လုပ်ဆောင်ပေးခဲ့သည့် လုပ်ဆောင်ချက်ကိုလည်း လက်ခံရပါမည်။ ကျွန်တော်တို့သည် ခရစ်ယာန်မိဘများမှ မွေးဖွားလာသောကြောင့် အလိုအလျောက် ခရစ်ယာန်ဘာသာဝင်ဖြစ်ခဲ့ပါသည်။ ငယ်စဉ်ကတည်းက “Sunday School” တက်သည်။ လူငယ် ကဏ္ဍတွေမှာလည်း ပါဝင်သည်။ အသက်တစ်ဆယ့်နှစ်နှစ်မှာ အမေက နှစ်ခြင်းခံခိုင်း၍ ဗတ္တိဇံခံသည်။ ပွဲတော်စားပါသည်။ သို့သော်လည်း နောင်တမလွန်အတွက် စဉ်းစားကြည့်သောအခါ ကောင်းကင်သို့ဝင်စားရမယ်ဆိုတာ စိတ်ချမှု မရှိခဲ့ပါ။ သေချာတာက ငရဲပင် ဖြစ်ပါသည်။ မိမိကိုယ်ကို သေချာဆန်းစစ်ကြည့်ပါ။ ယေရှုကို မယုံကြည်လို့လား၊ လက်မခံလို့လား၊ ကျွန်တော် ယုံကြည်လက်ခံပါသည်။ သို့သော် ကျွန်တော် ဘာကိုယုံကြည်လက်ခံသလဲဆိုတာ သေသေချာချာ မသိခဲ့ပါ။

ယေရှုခရစ်တော်၏သက်တော်စဉ်ကို အတိုချုံး၍ လေးပိုင်းခွဲနားလည်နိုင်ပါသည်။

(၁) **မွေးဖွားခြင်း၊** ခရစ်တော် အပြစ်သားတွေကို ကယ်တင်ရန် လူ့ဇာတိခံယူ၍ ဤလောကသို့ ဖွားမြင်ခြင်း ခံပါသည်။

(၂) **အသက်ရှင်ခြင်း** ဖြစ်ပါသည်။ ယေရှု လောကမှာ သုံးဆယ့်သုံးနှစ်ခွဲ သက်တော် ထင်ရှားခဲ့သည်။ များစွာသော တရားဒေသနာများကို ဟောကြားခဲ့ပါသည်။ ထို့နောက် ဘုရားဖြစ်ကြောင်း အံ့သြဖွယ် နိမိတ်လက္ခဏာနှင့် သက်သေထူပါသည်။ မျက်စိကန်းသူကို ပြန်မြင်စေသည်။ နူနာရောဂါတွေကို ပျောက်ကင်းစေသည်။ နတ်ဆိုးစွဲသည့်သူကို နှင်ထုတ်ပေးခဲ့ပါသည်။ နောက်ဆုံး သေသည့်သူကိုတောင် ရှင်ပြန်ထမြောက်စေခဲ့ပါသည်။ သို့သော် ယေရှုလောကကို ကြွလာရခြင်း၏အဓိက ရည်ရွယ်ချက်ကား ဤအရာတွေ ပြုလုပ်ဖို့မဟုတ်။

(၃) **အသေခံခြင်း၊** ယေရှုခရစ်တော် ကားတိုင်ပေါ်မှာ အသေခံခြင်းပင်ဖြစ်သည်။ ယေရှုခရစ်တော် ဤလောကသို့ ကြွလာရခြင်း၏ အဓိကရည်ရွယ်ချက်ကား အပြစ်သားတွေအတွက် အပြစ်ငရဲမှ ကယ်တင်ဖို့ ရန်ဖြစ်ပါသည်။

(၄) **ရှင်ပြန်ထမြောက်ခြင်း၊** ယေရှုသည် သေခံပြီး သေခြင်းမှာ လမ်းဆုံးသွားသော ဘုရားမဟုတ်ပါ။ သုံးရက်မြောက်သောနေ့မှာ ရှင်ပြန်ထမြောက်ပြီး သေခြင်းမာန်ကို အောင်မြင်သော အသက်ရှင်ဘုရား ဖြစ်ပါသည်။

ထို့ကြောင့် ယေရှုခရစ်တော်၏ မွေးဖွားခြင်းကို လက်ခံလို့ ကယ်တင်ခြင်း မရနိုင်ပါ။ ယေရှု၏ တရားတော်၊ တန်ခိုးတော်တွေကို ယုံကြည်သော်လည်း နောင်တမလွန်အတွက် စိတ်ချမှု မပေးနိုင်ပါ။ ဘာကိုယုံကြည်လက်ခံရမည်နည်း၊ ယေရှုခရစ်တော်၏ ကားတိုင်ပေါ်မှာ ကျွန်တော်တို့အတွက် ပေးဆပ်ခဲ့ပြီးသော လုပ်ဆောင်ချက်ကို လက်ခံဖို့ လိုပါသည်။ ထိုအရာကို ကျေးဇူးတော်ဟုလည်း ခေါ်ပါသည်။ ကျေးဇူးတော်ဆိုသည်မှာ ကိုယ်က ကြိုးစားလုပ်ဆောင်၍ ရသောအရာ မဟုတ်ပါ။ ဘုရားသခင်မှ အခမဲ့ပြုလုပ်ပေးသော ကျေးဇူးတရားကို ခေါ်ပါသည်။ (ဧ ၂း၈–၉) **ထို့ကြောင့် သင့်အပြစ်ကြွေးအတွက် ယေရှုကားတိုင်ပေါ်မှာ လုပ်ဆောင်ပေးပြီးခဲ့သော ကျေးဇူးတော်ကို လက်ခံပါ။**

## **ဘယ်နေရာမှာ လက်ခံရမည်နည်း**

**(Where do we accept?)**

တချို့သောသူများက ငါတို့အသင်းတော်၊ ငါတို့အဖွဲ့အစည်း၊ ငါတို့ရဲ့ မိသယမှာ ယေရှုကို ယုံကြည်လက်ခံမှသာလျှင် ကယ်တင်ခြင်းစိတ်ချမှု စစ်မှန်ကြောင်းပြောသည်ကို ကြားခဲ့ဖူးပါသည်။ မဟုတ်ပါ။ သခင်ယေရှုသည် အသက်ရှင်သောဘုရား ဖြစ်သောကြောင့် နေရာတိုင်းမှာ တချိန်တည်း တပြိုင်နက် တည်ရှိလို့ရပါသည်။ ကျွန်တော်တို့ခေါ်လျှင် မည်သည့်နေရာ၌မဆို ထူး၍ ပြည်းစမ်းခံသော ဘုရား ဖြစ်ပါသည်။ (ယေရမိ ၃၃း၃) ထို့ကြောင့် အသင်းတော်၊ ဂိုဏ်းဂဏ၊ အဖွဲ့အစည်းတစ်ခုခုမှာ ယုံကြည်လက်ခံမှသာလျှင် ကယ်တင်ခြင်းရမည် မဟုတ်ပါ။ ကယ်တင်ခြင်းရဖို့ သင်းအုပ်ဆရာက လုပ်ပေး၍ မရပါ။ လူက လုပ်ဆောင်ပေးသောကြောင့် ရခြင်းမဟုတ်ပါ။ **မိမိကိုယ်တိုင် စိတ်နှလုံး ထဲ၌ ယုံကြည်လက်ခံမှသာလျှင် ကယ်တင်ခြင်း စိတ်ချမှုရရှိမည်ဖြစ်ပါသည် (ယော ၁း၁၂၊၁၃)။** ထို့ကြောင့် သင် မည်သည့် နေရာမှာရှိနေပါစေ၊ ခရစ်တော်ကို စိတ်နှလုံးထဲ၌ နေရာပေးလက်ခံလိုက်ပါ (ဗျာ ၃း၂၀)။

**စောလုကီ**

# နှလုံးသားမြို့ဟောင်းတူးဖေါ်ခြင်း။

**ဖြောင့်မတ်သူတဲ့(၁ ရာ ၂၄)**

"ငါ့သား ဒါဝိဒ် သင်သည် ငါ့ထက်သာ၍ တရားစောင့်၏ သင့်အကျိုးကို ငါဖျက်သော်လည်း သင်သည် ငါ၌အကျိုးကျေးဇူးပြုပြီ" ရှင်ဘုရင်ရှောလုဟာ မိမိရဲ့မနာလိုစိတ်နှင့် တစ်ဖက်သတ် ရန်ဘက်ပြုပြီး သားမက်တော် ဒါဝိဒ်ကိုသတ်ဘို့အကြိမ်ကြိမ်ကြိုးစားလို့ ဒါဝိဒ်ဟာ နန်းတော်ကထွက်ပြေးရပြီ တောထဲမှာ လှည့်လည်နေစဉ်မှာလည်း ရှောလုဟာ တကောက်ကောက်လိုက်ခဲ့ပါတယ်၊ ဒီတခါမှာတော့ မထင်မမှတ်ဘဲ ဒါဝိဒ်ပုန်းနေတဲ့ ဂူထဲကို ရှောလုဝင်အိပ်မိတယ်လေ။

မနက်မိုးလင်းလို့ ထလာခဲ့ပြီး ခပ်ဝေးဝေးရောက်မှ အော်သံကြားလို့ လှည့်ကြည့်တော့ ဒါဝိဒ်ဟာ အဝေးက ပျပ်ဝပ်ပြီး အကြောင်းစုံရှင်းပြရင်း ရှောလုရဲ့ အဝတ်တော်အောက်ပိုင်းကို သူလှီးဖြတ်ထားကြောင်း ပြောပြပါတယ်၊ ဒီအခါမှာ ရှောလုအလွန်ဝမ်းနည်းပြီး ငိုကြွေးသံနှင့် အထက်ပါအတိုင်း ဒါဝိဒ်ကို တောင်းပန်စကားပြောကြားပါတယ်။

ဒါဝိဒ်ဟာ စိတ်ထားနူးညံ့သူပါ၊ သူ့ကိုရန်ပြုသူဟာ သူ့ရဲ့လက်တကမ်းရောက်နေတာတောင်မှမသတ်ခဲ့ဘူးလို့ယူဆဘွယ်ရာပေါ့၊ တကယ်တော့ ဒါဝိဒ်ဟာ ဘုရားကိုကြောက်လို့သာရှောလုကို မသတ်ခဲ့ကြောင်း ကျမ်းစာအရ တွေ့ရပါတယ်။ ဘုရားရှင်ဘိသိက်ပေးထားပြီးသူမို့ မသတ်ရဲဘူးလို့ ဒါဝိဒ်ပြောခဲ့ပါတယ်။

ဘုရင်ရှောလုကတော့ သူ့ကို ဒါဝိဒ်ခွင့်လွှတ်ရှာတယ်လို့ထင်ခဲ့တယ်၊ဒါကြောင့် ဆက်ပြီးပြောလိုက်တာက သင်သည် ငါ့ထက်သာ၍ တရားစောင့်၏၊ သင့်အကျိုးကိုငါဖျက်သော်လည်း သင်သည်ငါ၌အကျိုးပြုပြီ။ ထိုကျေးဇူးကို ထာဝရဘုရားဆပ်တော်မူပါစေသော၊ ယခုမှာ သင်သည် စင်စစ် ဘုရင်ဖြစ်လိမ့်မည်။- လို့ဆိုပါတယ်။

ယခင်ကတည်းက ဒါဝိဒ် ဘုရင်ဖြစ်သွားမှာစိုးလို့ လိုက်သတ်နေတာပါ။ အခုတော့ ဒါဝိဒ် ဘုရင်ဖြစ်လိမ့်မယ် ဧကန်လို့သူပြောပါပြီ။ ပြီးတော့ ဒါဝိဒ်ဘုရင်ဖြစ်ရင် သူ့ရဲ့သားစဉ်မြေးဆက်တွေကို မသုတ်သင်ပါနဲ့လို့ ကျိန်ဆိုခိုင်းပါတယ်။ ဒါဝိဒ်သည် ရှောလုအား ကျိန်ဆိုခြင်းကိုပြု၏ လို့တွေ့ရပါတယ်။ ထာဝရဘုရားကိုတိုင်တည်ပြီး- ကျိန်ဆိုစေခဲ့တာပါ။ ဒီအရာကဘဲ ပြဿနာဖြစ်နေပါတော့တယ်။ တကယ်ဆိုရင် ဘုရားရှင်မျက်နှာသာ မပေးတော့သောသူရဲ့စကားကို ရောယောင်ခေါင်းငြိမ့်ပြီး ကျိန်ဆိုမိတာကဒါဝိဒ်အတွက် အလွန်မှားခဲ့ပါတယ်။

တကယ်တော့ ဒါဝိဒ်ရဲ့အစအဦးအမှားက ဘုရင်ရှောလုကိုသူမသတ်ဘဲ လွတ်ရကြောင်းဖေါ်ပြချင်လို့အတွေ့ခံလိုက်တာကိုက ဆိုးပါတယ်။

ဒါဝိဒ်ဟာ ရှောလုကို တကယ်တန်းခွင့်မလွှတ်နိုင်လို့ဆိုတာ ဒီကျမ်းတစ်ခန်းထဲမှာဘဲတွေ့နိုင်ပါတယ်။

- ထာဝရဘုရားသည် ကျွန်တော်နှင့် ကိုယ်တော့်စပ်ကြားမှာ စီရင်တော်မူပါစေသော- လို့သူကျိန်ခဲ့ပါသေးတယ်။ ရှောလုကိုဒါဝိဒ် ကောင်းကြီးမပေးနိုင်ခဲ့ပါဘူး၊ ရန်သူကိုမချစ်နိုင်ခဲ့ပါဘူး၊ ဒါကြောင့် သူထွက်တွေ့ခဲ့ခြင်းဟာ သူဘယ်လောက်ဖြောင့် မတ်သလဲလို့ ပြသဖို့သာဖြစ်နေပါတယ်။

(ဒေ ၇း၁၆ လွန်ကျူးစွာမဖြောင့်မတ်နှင့်) လို့ဆိုထားပါတယ်။ ဖြောင့်မတ်ကြောင်း လွန်ကျူးပြခြင်းကိုဘုရားမကြိုက်ပါဘူး။ ဒါဝိဒ် ဒီလိုပြသမိတဲ့အတွက် အခုတော့မကောင်းကျိုး သက်ရောက်စရာအကြောင်းပေါ်လာပါပြီ။

**မှားရပါပြီ** (၂ရာ ၂၁ )

ဒါဝိဒ်ဣသရေလဘုရင်ဖြစ်စကာလ မကြာမှီမှာအစာအဟာရသုံးနှစ် ခေါင်းပါးပါတယ်။ ကပ်ဆိုက်ခြင်းပေါ့။ ကျမ်းစာအရ ဘုရားရှင်ဆုံးမအပြစ်ပေးခြင်းတစ်မျိုးဖြစ်တယ်။ ဒါဝိဒ်က ဘုရားရှင်ကို ပရောဖက်များနှင့်မေးလျှောက်ပါတယ်။ အဖြေသိခဲ့ရပါတယ်။ တချိန်က ခါနန်ပြည်ကို ဣသရေလလူတို့ယောရှု ဦးဆောင်မှုနှင့်လာစဉ်မှာ ဂိဗောင် မြို့သားတွေက သူတို့ဟာ အဝေးကြီးကရောက်လာပြီး မိတ်သဟာယဖွဲ့ရပါတယ်ဆိုပြီး လိမ်လည်ပြီးသစ္စာပြုခြင်း ခံယူခဲ့တာကြောင့် နောင်အခါမှာ ဂိဗောင်လူတွေကိုမသတ်ရဘဲ ချန်ထားခဲ့ရပါတယ်။ သစ္စာပြုပြီးရင် ဖျက်လို့မရတော့တဲ့အတွက် ယောရှုက "ငါတို့သည် ကျိန်ဆိုခြင်းကို ပြုမိသောကြောင့် သူတို့ကိုမထိခိုက်ရတော့၊ ဣသရေလလူတို့အဖို့ ထင်းခုတ်သောသူ၊ ရေခပ်သောသူဖြစ်စေရမည်။- (ယောရှု ၉း ၁၃-၂၇)ဟုဆိုပြီး ဣသရေလလူတွေနှင့်အတူ ရောနှောနေထိုင်ခွင့်ပြုခဲ့ပါတယ်။ မဖျက်ဆီး မသတ်ဖြတ်ခဲ့ရပါဘူး။

ဒါဝိဒ်အမေးကို ဘုရားရှင်အဖြေပေးတာက ဂိဗောင်လူတို့ကိုသတ်သော ရှောလုကြောင့်အပြစ်လို့ ဖြေပါတယ်။ ဒီအခါဒါဝိဒ်ဟာ ဂိဗောင်လူတွေကို ခေါ်ပြီးငါတို့ကို ကောင်းကြီးပြန်ပေးဖို့ နင်တို့အတွက် ဘာလုပ်ပေးရမလဲလို့မေးလိုက်ပါတယ်။ ဒါဝိဒ်က ဘုရားရှင်ကို ဘာလုပ်ပေးရမှာလဲ လို့မမေးဘဲ လူတွေကိုမေးခဲ့တာကလည်း အံ့သြစရာပါဘဲ။

(မ ၅း၂၃) ကျမ်းစာအရတော့ သူတစ်ပါးက ကိုယ့်ကိုစိတ်နာနေရင် ကိုယ်ကောင်းကြီးမရဘူး၊ လုပ်လေသမျှ အရှုံးပေါ်မယ်လို့ တော့တွေ့ထားပါတယ်။ ဒါဝိဒ်လဲ ဒီအတွက် ဂိဗောင်လူတွေရဲ့ကောင်းကြီးကို လိုချင်တာဖြစ်ဟန်တူပါတယ်။

ဒီအခါ လူတွေတောင်းလိုက်တာကတော့ သူတို့ကိုညှင်းဆဲတဲ့ ရှောလုရဲ့သားခုနှစ်ယောက်အပ်ပါ၊ အဲဒီသူတွေကို သတ်ရမှ ကိစ္စပြီးမယ်တဲ့လေ။ ဒါဝိဒ်ကလည်း အပ်ပါ့မယ်လို့ဆိုပြီး ရှောလုရဲ့သား ခုနှစ်ယောက်ကို ဂိဗောင် လူတို့လက်ကို အပ်လိုက်ပါတယ်။

သွားပြီပေါ့ ရှောလုနှင့်ထာဝရဘုရားကို တိုင်တည်ပြီး ကျိန်ဆို ကတိပေးခဲ့တာပျက်ခဲ့ပြီလေ။

-အပြစ်ရှိသောသူတို့ကို ဘေးလိုက်တတ်၏- (သု ၁၃း၂၁)။

-ဘုရားသခင်ထံတော်၌ သစ္စာဂတိပြုမိလျှင် သစ္စာဝတ်ကိုဖြေလော့။ သစ္စာဂတိပြု၍ ဝတ်ကိုမဖြေသည်ထက်သစ္စာမပြုသော် သာ၍ကောင်း၏- (ဒေ

၅း၄-၆) တဲ့လေ။

သစ္စာဂတိကို မလိုအပ်ဘဲ မပြုမိပါစေနဲ့လို့ ကျမ်းစာကပြောပါတယ်။ အမှားလုပ်မိသူကို အလင်းကွယ်တယ်တဲ့၊ အမှန်မမြင်ရရင် သမ္မာတရားလမ်းက ချော်ထွက်ကုန်မှာပေါ့။ တကယ်တော့ ဒီပြဿနာအားလုံးရဲ့အစဟာ ခွင့်မလွှတ်နိုင်ခြင်းကြောင့်ပါဘဲ။ ခွင့်မလွှတ်လျှင်။ (မ ၁၈း၃၅ ) ဘုရားရှင်က ခွင့်မလွှတ်တတ်သူကို ခွင့်မလွှတ်ပါဘူး။ ဒါကြောင့် ခရစ်တော်က သူများအပြစ်ကိုအရင်ခွင့်လွှတ်ပြီးမှ ဘုရားရဲ့ခွင့်လွှတ်ခြင်းကိုယူပါ- (မ ၆း၁၂) လို့သင်တယ်။ ကျန်းမာလိုလျှင် မုန်ညှင်းစေ့လောက်ယုံပြီး ဆုတောင်းပါ ၊ ဒါပေမဲ့ ခွင့်မလွှတ်နိုင်ဘဲ နှင့်တော့ ကျန်းမာခြင်းမရနိုင်ဘူးလို့(မာ ၁၁း၂၃-၂၆)လည်း ကျမ်းစာအရတွေ့ရမယ်။ ဆုတောင်းသမျှကို ယုံမှားစိတ်ကင်းပြီး အပြစ်ခွင့်လွှတ်တတ်တဲ့နှလုံးရှိသူမှ ရမယ်လို့ဆိုလိုတာပါ။

ခွင့်မလွှတ်ခြင်းကို မုန်းတော်မူ၏။ ။

ဘုရားရှင်ဖွင့်ပြတာက ကျွန်မတို့ရဲ့ကြီးစွာသောအပြစ် (ငရဲသွားရန်သင့်နေသောအပြစ်) ကိုခွင့်လွှတ်ပေးခဲ့ပါပြီ။သူတပါးရဲ့အပြစ်ကလေးတွေကို ကျွန်မတို့ခွင့်မလွှတ်နိုင်ခြင်းဟာ ဘုရားကို နာမခံခြင်းသာဖြစ်တယ်။ ခွင့်မလွှတ်နိုင်ခြင်းကို ဘုရားရှင်ရွံမုန်းတော်မူတယ်တဲ့။ ခရစ်တော်ကလည်း တပည့်တော်တွေကိုသင်ခဲ့တာက လူတစ်ယောက် ပြစ်မှား ၁ကို တနေ့ထဲမှာတောင် ခုနစ်ဆယ်ခုနစ်လီ ခွင့်လွှတ်ပါတဲ့။(လု ၁၇း၄။ မ ၁၈း၂၁-၂၂)။

ခွင့်လွှတ်ပါ။ ။ ။ ဒါကြောင့်နိဂုံးချုပ်ဝေငှလိုတာက ကိုယ်မှန်တယ်၊ သူမှားတယ်ဆိုပြီး ခွင့်မလွှတ်ဖို့ နှလုံးကို လှည့်ဖြားထားရင် ဘုရားရှင်ကို လုံးလုံးဆန့်ကျင်ပြီး ဘုရားရဲ့ရန်သူကို အားပေးနေတာသာဖြစ်မယ်။ ရန်သူကိုနာခံနေတာသာဖြစ်တယ် မလုပ်ကြပါနှင့်၊ ဘုရားကို နာခံပါ။ ရန်သူကိုဆန့်ကျင်ပါ။ ကိုယ့်ကောင်းကြီးကိုမပိတ်ပါနှင့်။ ဘုရားကိုနာမခံရင် အမှားများစွာကို ဒါဝိဒ်ပြုသလို ဆက်ပြုနေမိကြောင်း ပြန်ပြီးဆင်ခြင်ကြည့်ကြပါတော့။ စာရေးသူ ကိုယ်တိုင်အရာရာ ဆုံကြုံဖြတ်ကျော်ပေးတပ်ခဲ့ပြီမို့ ဝေဒနာတွေကို အရင်းပြုပြီး တင်ပြအပ်ပါတယ်။

ဒေါ်စန်းစန်းမြင့်

# သူမည်သူနည်း။

ယေရှုမည်သူဖြစ်သနည်း။ စစ်မှန်သောကယ်တင်ရှင်အဖြစ်သူ့ကိုသင်မယုံကြည်ပါလျှင်၊ သူသည်ဟန်ဆောင်သူ၊ ရူးသွပ်သူ၊ သူ့တပည့်တော်တို့သည်လည်း လောက၌အကြီးမားဆုံးလှည့်စားမှုကို ဖန်တီးခဲ့ကြသူများဟုသင် သတ်မှတ်မည်သာဖြစ်သည်။

**ယေရှုသည်သူ့နောက်သို့လူများလိုက်ပါလာအောင်ကြိုးပမ်းခဲ့ပါသလား။**

အောင်မြင်မှုကို တန်ခိုးအာဏာ(သို့)ငွေကြေးပိုင်ဆိုင်မှုဖြင့်တိုင်းတာပါလျှင် ယေရှုသည်အောင်မြင်သူတစ်ဦး မဟုတ်ခဲ့ပါ။ ယေရှု၏မြင့်မားလှသော စံချိန်စံညွှန်းများ၊ သူတော်ကောင်းယောင်ဆောင်ခြင်းနှင့် စိတ်လက်မပါ မသထာသောစိတ်သဘောထားကိုလျစ်လျူခြင်းတို့ကြောင့် လူအများတို့ကသူ့ထံပါးမှလှည့်ပြေးလေ၏။ လူတို့ထံမှငွေကြေးများကိုလည်း လှည့်ဖျားမရယူခဲ့ပါ။ ဤသက်သေအချက်အလက်များက ယေရှုအား ဟန်ဆောင်သူဖြစ်နိုင်ချေရှိကြောင်း အဆိုကိုပင်မထောက်ခံနိုင်ပါ။

**မိမိကိုယ်ကိုလှည့်စားလျက်ယေရှုသည် သူမည်သူဖြစ်ကြောင်းထင်ယောင်ထင်မှားဖြစ်အောင်လုပ်ဆောင်ခဲ့ပါသလား။**

သူ့အပြောသူ့အမူအရာများ၌ စိတ်မငြိမ်သက်သူတစ်ဦး၏လက္ခဏာ မရှိပါ။ သူပြုသောနမိတ်လက္ခဏာ အံ့ဘွယ်ရာများ၊ ပြောင်မြောက်သောသွန်သင်ချက်များ၊ ရှင်ပြန်ထမြောက်ခြင်းအစရှိသည်တို့နှင့် ပတ်သက်၍ သူ့အားမဟုတ်တမ်းတရားစွဲချက်များကမခိုင်လုံပါ။

**တပည့်တော်တို့သည်သခင်ယေရှုအကြောင်းကိုလိုအပ်သည်ထက်ပို၍ချဲ့ကားပြောခဲ့ကြပါသလား။**

တပည့်တော်တို့အနေဖြင့်သူတို့သိပြီးသား အမှန်တရားတစ်ခုကို ဆန့်ကျင်ဖက်ပြု မုသာဝါဒဖန်တီးရန်ကြံစည်ကြပါလျှင် အဓိပ္ပါယ်မရှိတော့ပြီ။ ဖန်တီးခဲ့ပါလျှင်လည်း မုသာဝါဒဟုသိထားသောအရာအတွက် သင်ဆိုလျှင်အသေခံပါမည်လော။ တမန်တော်တို့သည် မုသာအတွက်အသေခံခဲ့ခြင်းမဟုတ်ဘဲ မှန်ကန်ရာအတွက် မာတုရအာဇာနည်အဖြစ် သေပွဲဝင်ခဲ့ကြသည်သာဖြစ်သည်။

သမ္မာကျမ်းစာသည် သခင်ယေရှုခရစ်တော်အကြာင်း တိကျစွာသေချာစွာဖော်ပြကြောင်း လက်ခံယုံကြည်နိုင်လောက်သောအကြောင်းပြချက် ကျွန်ုပ်တို့၌ရှိပါ၏။ ပရောဖက်ဟောပြောချက်များ ပြည့်စုံစေခြင်းသမိုင်းတွင် သက်ရောက်ရိုက်ခတ်မှုများရှိခဲ့ခြင်း၊ သူ့အသက်တာ၊ သူ့သွန်သင်ချက်၊ တပည့်တော်များသူ့အပေါ်တုံ့ပြန်ဆက်ဆံမှု စသည့်အချက်အလုံးစုံတို့သည် သူကြွေးကြော်ခဲ့သည့်အတိုင်း သူသည်ဘုရားသခင်၏ ‘သားတော်’ ဖြစ်ကြောင်း တညီတညွတ်တည်းညွှန်ပြထောက်ခံနေတော့သည်။

သူ့အားသင့်အတွက်အသေခံကာ အပြစ်ခွင့်လွှတ်ခြင်းကိုပေးကမ်းနေသူအဖြစ် ကိုယ်တိုင်လက်ခံယုံကြည်ပါပြီလား။ ယေရှုက ငါသည်လမ်းခရီး၊ သမ္မာတရား၊ အသက်ဖြစ်၏။ ငါ့ကိုအမှီမပြုလျှင်အဘယ်သူမျှခမည်းတော်ထံသို့မရောက်ရ (ယော ၁၄း၆) ဟုမိန့်ကြားထားပါသည်။

*(၁၉၉၈ ခုနှစ် စက်တင်ဘာ-အောက်တိုဘာ-နိုဝင်ဘာ လထုတ် နေ့စဉ်ခွန်အားစာစောင်မှ ကောက်နှုတ်တင်ပြထားပါသည်။)*